教育部外语专业面向21世纪缅甸语语言类主干课程教材

# 大学缅甸语

ပင်ရင်းမြန်မာစာ

（三）

中国人民解放军外国语学院
曲永恩 尹湘玲 钟智翔 编著



军事谊文出版社

教育部外语专业面向21世纪
缅甸语语言类主干课程教材

ပင်ရင်းမြန်မာစာ

# 大学缅甸语

## 第三册

中国人民解放军外国语学院
曲永恩　尹湘玲　钟智翔　编著

军事谊文出版社

**图书在版编目(CIP)数据**

大学缅甸语/曲永恩,尹湘玲,钟智翔编著.—北京:军事谊文出版社,2001.1

ISBN 7-80150-147-0

Ⅰ.大… Ⅱ.①曲…②尹…③钟… Ⅲ.缅语-高等学校-教材
Ⅳ.H421

中国版本图书馆 CIP 数据核字(2001)第 02432 号

**书　名**:大学缅甸语(第三册)

---

**编著者**:曲永恩　尹湘玲　钟智翔
**出版发行者**:军事谊文出版社(北京安定门外黄寺大街乙一号)
(邮编 100011)
**印刷者**:谊文印刷装订厂

---

**开　本**:850×1168 毫米 1/32
**版　次**:2001 年 1 月第 1 版
**印　次**:2001 年 1 月第 1 次印刷
**印　张**:15.25
**字　数**:383 千字
**印　数**:1-1000

---

**书　号**:ISBN 7-80150-147-0/G·21
**定　价**:90.00 元(全套三册)

# 编者的话

1.中国人民解放军外国语学院缅甸语专业自创办以来，曾编写过多种缅甸语综合教材。但是，由于种种原因均未能正式出版。这次借被教育部立项并批准为外语专业面向 21 世纪缅甸语语言类主干课程教材之机，根据高等学校外语专业教学内容和课程体系改革的要求，保留了原有教学效果好、比较实用的课文，同时又补充了许多新内容，重新编写了《缅甸语综合教程》。

2.《缅甸语综合教程》共分三册，供高等学校缅甸语专业一、二、三年级学生学习，每学年一册，也可以供自学者使用。

3.本教程分三个部分：第一部分为语音部分，包括第一册 1～8 课。主要教授缅甸语基本语音的发音方法、拼音规律、连读技巧、书写特点和方法。以每周 18 学时计算，共讲授 5 周。第二部分为基本句型和课文部分，包括第一册第 9～18 课，主要教授日常生活会话中的常用句型，计划每周一课。第三部分为课文部分，包括第一册 19～32 课、第二册 1～26 课、第三册 1～24 课。第一册 19～32 课和第二册 1～14 课重点在基本语法上，第二册 15～26 课和第三册重点在词汇的辨义和运用上。

4.本教程的课文内容力求题材和体裁多样化。除传统的语言、文学类内容外，还包括了部分社科、科技类等方面的内容。课文体裁以记叙文为主，适当选用了一定数量的说明文、议论文和应用文。每课包括课文、生词、注释和练习四部分。注释部分除包括语法基础知识、课文难点解释外，还有针对性地就缅甸语言的特点、文化背景知识作简要注释或说明。练习部分除配有为训练

听、说、读、写、译五会能力而设计的习题外，还配有一定数量的综合性习题，以便学生归纳总结和复习巩固所学知识。

5.根据缅甸语有口语体和书面语体之分的特点及多年的教学经验，为促使学生打好扎实的语言基本功，尽快上口使用，又避免初学时易出现的口语体和书面语体使用混乱的局面，本教程第一册全部采用口语体形式。在第二册前半部分的注释中，逐步列出口语体与书面语体的对比内容，并配有该类型的练习，以便使学生从口语体自然过渡到书面语体。同时为了进一步巩固学生的口语体知识，在后几册中也适当选用了部分口语体形式的课文。

6.本教程在拼写上全部采用了缅甸教育部缅文委员会 1996 年版《缅文拼写法字典》的拼写形式。

本书在编写过程中，部分吸收了中外学者的研究成果；解放军外国语学院训练部、科装部和亚非语系的领导为本书的问世作了大量的工作，给予了热诚的支持和资助。在此，向他们表示衷心的感谢。

编者

2000 年 8 月

于解放军外国语学院



此为试读，需要完整PDF请访问：www.ertongbook.com

# မာတိကာ


သင်ခန်းစာ (၁) နေရာတိုင်းမှာဆယ်လူလာ ........ 1
သင်ခန်းစာ (၂) နှလုံးမှမမေ့၊ ၁၃၀၀ပြည့် ........ 19
သင်ခန်းစာ (၃) ကောက်ရိုးနွယ် ........ 36
သင်ခန်းစာ (၄) မြေပြန့်မှတောင်ပေါ်သို့ ........ 53
သင်ခန်းစာ (၅) မိုင်းဆတ်မြို့သို့ပထမဆုံးခြေကျင်ခရီး ........ 74
သင်ခန်းစာ (၆) လှေပြိုင်ပွဲ ........ 94
သင်ခန်းစာ (၇) ပျော်စရာရှင်ပြုပွဲ ........ 111
သင်ခန်းစာ (၈) အင်္ကျီအပြာနှင့်လူ ........ 132
သင်ခန်းစာ (၉) မျှော်လင့်မိပါသည် ........ 149
သင်ခန်းစာ (၁၀) နားသမင်္ဂလာ ........ 166
သင်ခန်းစာ (၁၁) အခမဲ့ကူလီထမ်းခြင်း၏အကျိုး ........ 187
သင်ခန်းစာ (၁၂) ထမင်းဖိုးဆိုရင် ........ 211
သင်ခန်းစာ (၁၃) မြန်မာတို့၏နှစ်သက်ဖွယ်ဓလေ့များ ........ 233
သင်ခန်းစာ (၁၄) ကွမ်းတုံ့မြိတ်နှင့်အချိတ် ........ 250
သင်ခန်းစာ (၁၅) ကဗျာ(၂)ပုဒ် ........ 267
သင်ခန်းစာ (၁၆) ယောအလှူ ........ 282
သင်ခန်းစာ (၁၇) စွပ်ပယား ........ 302
သင်ခန်းစာ (၁၈) ထိုနေ့ကမီးလာ၏ ........ 324
သင်ခန်းစာ (၁၉) မန်ကျည်းငုတ်တို ........ 344
သင်ခန်းစာ (၂၀) အသက်ကိုရင်း၍ ........ 366
သင်ခန်းစာ (၂၁) ထားဝယ်လုံချည် ........ 391
သင်ခန်းစာ (၂၂) နိုင်ငံတော်မျက်နှာ ........ 416

သင်ခန်းစာ (၂၃) အပြောနှင့်နားအလည် ...... 440

သင်ခန်းစာ (၂၄) အနေလှုပ်လှုပ်၊ စားလှုပ်လှုပ် ...... 457

# သင်ခန်းစာ (၁)

# နေရာတိုင်းမှာဆယ်လူလာ

"မိန်းမရေ ငါ ကမန်းကတန်း ထွက်လာခဲ့ရလို့ လက်ဖက်ခြောက် မေ့ကျန်ခဲ့တယ်။ လူကြုံနဲ့ ပို့ပေးလိုက်ပါဦး။ သူကြီးဦးဘစိုးဆီက ချေးထားတဲ့ ဒီဗွယ်ဆီ ငါးဂါလန်လည်း ပြန်ဆပ်လိုက်ဦး။ ညနေစာအတွက် ဟင်းစားရ ထားပြီ။ ဘာမှ ရှာဝယ်မနေနဲ့တော့"

ရွာမှ နှစ်မိုင်ခန့်ဝေးသော လယ်ကွင်းသို့ လယ်ထွန်ရန် ထွက်ခွာသွားခဲ့ သော လယ်သမားကြီး ဦးဖိုးချက်သည် ရွာထဲရှိနေအိမ်တွင် ကျန်ရစ်ခဲ့သော ဇနီးသည် ဒေါ်မြညွက်ထံ ဆယ်လူလာဖုန်း အသုံးပြု၍ ဆက်သွယ် အကြောင်း ကြားလိုက်သည်။

ဇနီးဖြစ်သူကလည်း ပဲရွေးနေရင်း တန်းလန်းဖြင့် "စိတ်ချ၊ ကိုဖိုးချက်။ အခုပဲ ကိုရင်သာမောင်ဆီ သွားပြီး လက်ဖက်ခြောက် ထည့်ပေးလိုက်မယ်။ လယ်ထွန်ပြီးရင် စောစော ပြန်လာခဲ့နော်၊ ညနေပိုင်း ကမ္ဘာ့ဖလားဘောလုံးပွဲ ကို ကြိုဟ်တုကနေ ဖမ်းကြည့်ရအောင်၊ တော်–မေ့နေမှာ စိုးလို့" ဟု ပြန်ပြော လိုက်သည်။

ဤအခြေအနေမျိုး နောင်နှစ်အနည်းငယ်အတွင်း၌ မြန်မာပြည်တွင် ဖြစ် ပေါ်၍ လာပေတော့မည်။ မဖြစ်နိုင်ဟု မည်သူ ဆိုရဲမည်နည်း။ ဆက်သွယ်ရေး နည်းပညာများ အံ့မခန်း တိုးတက်နေချိန်၌ မြန်မာပြည်လည်း နောက်ကျ ကျန်ရစ်ခဲ့မည် မဟုတ်ပေ။

ယခုပင် ကြည့်လေ– ကားမောင်းရင်း ဆယ်လူလာဖုန်းနှင့် စကားပြော နေကြသည်။ တချို့ဆိုလျှင် မြို့လယ်မှာ လမ်းလျှောက်ရင်း၊ လက်ဖက်ရည် ဆိုင်ထိုင်ရင်းနှင့်လည်း ဆယ်လူလာဖုန်း ကိုင်၍ စကားပြောနေကြသည်။ ကြီး

ကျယ်မှု၏ပြယုဂ်အဖြစ် ဆယ်လူလာဖုန်းကို ခါးမှာ ချိတ်၍ ထားကြသည်။

ဆယ်လူလာဖုန်း၏ အချက်ပေးအော်မြည်သံကို နေရာအနှံ့မှာ ကြားနေရသည်။ ရေချိုးခန်းမှာ၊ အိမ်သာမှာ၊ မီးဖိုချောင်မှာ၊ ပင်လယ်ကမ်းခြေမှာ၊ တောင်ထိပ်ပေါ်မှာ၊ မြေအောက်ဥမင်လိုဏ်ထဲမှာ၊ ဘယ်နေရာကို ရောက်ရောက် တယ်လီဖုန်းအော်မြည်သံကိုသင်ကြားနေရပေမည်။

ကမ္ဘာပေါ်ရှိလူသားများ ဟိုမှသည်မှ ဆက်သွယ်နေကြ၊ ပြောဆိုနေကြသည့်အသံလှိုင်းများမှာ ပင့်ကူအိမ်ထက် ဆယ်ဆမက ရှုပ်ထွေးပေသည်။ ပြောဆိုနေသောအသံများကိုသာသင် ကြားရမည် ဆိုလျှင် နားပင်း၍ သွားနိုင်ပေသည်။ ဂြိုဟ်၊ တာရာ၊ နက္ခတ်များပင် နားညည်းလွန်း၍ လက်ညှိုးနှင့် ပိတ်ဆို့ထားရသည့်အခြေအနေ ဆိုက်ရောက်နေပြီ။

## ဆက်သွယ်ရေးဖွံ့ဖြိုးမှု

ယနေ့ ကမ္ဘာပေါ်ရှိလူသားများအဖို့ အလှမ်း ကွာဝေးခြင်းသည် ပြဿနာမဟုတ်ပြီ။ ရွှေပင်လယ် ကာဆီးရုံမျှမက၊ သမုဒ္ဒရာကြီးပင် ခြားနားနေပါစေ ခေတ်သစ် စက်မှုနည်းပညာများက အလှမ်းကွာဝေးမှုကို ချုံ့၍ ပစ်နိုင်ခဲ့ကြသည်။

ခြေကျင်ဆက်သား၊ မြင်းစစ်သည်တော် စေလွှတ်၍ သဝဏ်လွှာပါးခဲ့ရသော ရှေးခေတ်၏ ဆက်သွယ်ရေးစနစ်။ အဆိုပါ အခြေအနေများသည် သမိုင်းစာအုပ်၏ စာမျက်နှာများပေါ်တွင် ပုံပြင်ပမာ၊ အံ့ဖွယ်သုတအဖြစ် ကျန်ရစ်နေခဲ့ပြီ ဖြစ်သည်။ကျွန်တော်တို့ငယ်စဉ်အခါက မန္တလေးမှ ရန်ကုန်သို့ မီးရထားစီး၍လာခဲ့ကြရာပျဉ်းမနားတွင်တစ်ည အိပ်ခဲ့ကြရ သည်။ ယခုဆိုလျှင် ရန်ကုန်–မန္တလေး ခရီးစဉ်သည် မနက် ထွက်လျှင် ညနေ ရောက်နိုင်သည်။ ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးလာသည်နှင့်အညီ တစ်မြို့တစ်ရွာဆီ ခြားနေကြသူနှစ်ဦးဟိုမှသည်မှ၊အပြန်ပြန်အလှန်လှန်ဆက်သွယ်၍ စကားပြောဆိုနိုင်ကြသည်။ ပူတာအိုမှ ကော့သောင်း၊ တာချီ လိတ်မှ မောင်တော၊ ရွှေဘိုမှ

ငပုတော လိုချင်ရာရာကို အချိန်တို တစ် ခဏအတွင်းမှာ ဆက်သွယ်၍ ရနေကြသည်။

ကမ္ဘာ့နိုင်ငံအချင်းချင်းလည်း ဆက်သွယ်ရေး ဂြိုဟ်တုများကို အသုံးပြုပြီးသတင်းအချက်အလက်များကို လျင်မြန်လွယ်ကူစွာ ဖလှယ်နိုင်ကြသည်။

ကြေးနန်းကြိုးများကို အသုံးပြု ဆက်သွယ်နေရာမှ ကြိုးမဲ့စနစ်ကို တီထွင်လာခဲ့ကြသည်။ ငွေကုန်ကျမှုပမာဏနှင့် လုပ်ငန်းတာဝန် ကြီးလေးမှုတို့ကို လျှော့ချနိုင်ခဲ့ကြသည်။

အနာဂတ်ကာလတွင် စာတွဲများထည့် သံမဏိဗီရိုကြီးများ၊ စာရွက်စာတမ်းအဟောင်း အထုပ်ကြီးများ၊ အလှဆင်ပန်းချီကားချပ်ကြီးများ၊ လုပ်ငန်းအခြေအနေပြ စာရင်းဇယားနှင့် ဂရပ်ပုံများ၊ ပန်းအိုးနှင့် ကျယ်ဝန်း သပ်ရပ်ခမ်းနားသော ရုံးခန်းကြီးများ ရှားပါး၍ လာပေတော့မည်။ လမ်းပေါ်မှာ လျှောက်သွားနေရင်း၊ အိမ်မှာ ထိုင်နေရင်းကပင် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်အလုပ်လုပ်နေကြပေရော့မည်။

လွန်ခဲ့သောအနှစ်၂၀အတွင်းမှာပင် ဖက်ဖ်ဖြင့် စာများ၊ ရုပ်ပုံများကို အဝေးသို့ လှမ်းပို့နိုင်ခြင်း၊ အိတ်ဆောင်တယ်လီဖုန်းနှင့် နိုင်ငံတကာ ဆက်သွယ်ရေး ကွန်ယက်စနစ်တို့ ပေါ်ထွန်းလာခဲ့သည်။ အသံလှိုင်းများကိုသာ ပုံရိပ်အဖြစ် မြင်ကြရမည် ဆိုလျှင် ကောင်းကင်တစ်ပြင်လုံး ကြောင်ခြစ်ထားသည်ထက် အပြန်တစ်ရာမက ရှုပ်ထွေးနေပေမည်။

လျှပ်စစ်နည်းပညာသည် ၂၀ရာစုကို အသွင်ပြောင်းလွဲပေးလိုက်သည်။ လူသားတွေအဖို့လည်း အာရုံခံစားစရာတွေ ပိုတိုးပွား၍ လာရပြီး အလုပ်တွေ ပိုများပြား၍လာခဲ့ရသည်။ ယခင်ကလို အေးအေးလူလူ နေထိုင်၍ မရကြ တော့။ ဘယ်နေရာသွားသွား၊ ဘယ်နေရာရောက်ရောက် ဆက်သွယ်ရေး၏ အစွမ်းအာနိသင်ကြောင့် အလုပ်များသည် လူသားတို့ကို အစဉ် စိုးမိုး နှိပ်စက်နေကြသည်။ ထိုအခါ လူသားတို့၏ ဦးနှောက် အနားပေးမှု လျော့

နည်းလာရပြီး ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှု ဖြစ်ကာ ရောဂါ ဖိစီးနှိပ်စက် လာပေမည်။ ထို့မှတစ်ဆင့် လူတို့၏ သက်တမ်းလည်း တဖြည်းဖြည်းချင်း တိုရှည် လာပေတော့မည်။

နောင်နှစ် အနည်းငယ်အတွင်း၌ တယ်လီဖုန်းစက်ခလုတ်ခုံထိုင်ဝန်ထမ်းများ၊ အော်ပရေတာများ၊ လိုင်းပြင်အလုပ်သမားများ အစရှိသူတို့သည် အလုပ်မှ အနားယူကြရပေတော့မည်။

စာတိုက်အားကိုးပြီး စာပို့နေကြခြင်းလည်း လျော့နည်းလာမည် ဖြစ်၍ ပို့လျှံနေသောစာတိုက်ဝန်ထမ်းများ အလုပ်မှ အနားယူကြရပေတော့မည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အပြိုင်အဆိုင် လုပ်ကိုင်ကြရတော့မည် ဖြစ်၍ အစိုးရဆက်သွယ်ရေးဌာနများအနေဖြင့် မိမိတို့၏ ခေတ်မမီတော့သော ရှုံးလုပ်ငန်းစနစ်နှင့် လုပ်ငန်းဖွဲ့စည်းပုံများကို မလွှဲမသွေ ပြောင်းလဲပြင်ဆင်ကြ ရပေတော့မည်။

## နိုင်ငံတကာဆက်သွယ်ရေး

ဖင်လန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဆယ်လူလာဖုန်း အသုံး အများဆုံး နိုင်ငံ ဖြစ်၏။ စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းများကို အစိုးရ အဖွဲ့အစည်းတစ်ခုက ထိန်းချုပ်လုပ်ကိုင်၍ မရနိုင်တော့သဖြင့် ပုဂ္ဂလိက ကုမ္ပဏီများသို့ လွှဲပြောင်းပေးခဲ့ရသည်။ ဖင်လန်နိုင်ငံ၏ ဆက်သွယ်ရေးဝန်ထမ်း ၄၀ရာနှုန်းသည် ငါးနှစ်အတွင်း၌ လျော့ပစ်ခြင်းခံရပေတော့မည်။ အင်္ဂလန်နိုင်ငံ၌ BTကုမ္ပဏီ၏ဝန်ထမ်းအင်အားကို ၁၉၈၄ခုနှစ်မှစတင်ပြီး ထိန်းသိမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ထက်ဝက်နီးပါး လျော့နည်းခဲ့ပြီဖြစ် ၏။ ဆက်သွယ်ရေးလုပ်ငန်း အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာ လိုလျှင် ဖင်လန်နိုင်ငံသို့ သွားရန် အကြံပြုရမည် ဖြစ်သည်။

လုပ်ငန်းသုံးတယ်လီဖုန်းခေါ်ခနှုန်း အချိုဆုံးမှာ အိုက်စလန်နိုင်ငံ ဖြစ်ပြီး ဖင်လန်သည် ဒုတိယ ဈေးအချိုဆုံး ဖြစ်သည်။ နယူးဇီလန်နိုင်ငံ၌ စီးပွား



此为试读，需要完整PDF请访问：www.ertongbook.com

ရေးလုပ်ငန်းသုံး ရပ်ဝေးတယ်လီဖုန်းခေါ်ခနှုန်းထားများ လေးပုံတစ်ပုံ ကျဆင်းလာခဲ့သည်။ လုပ်ငန်းများ ယှဉ်ပြိုင်ရာတွင် ဈေးလည်း အပြိုင်အဆိုင် လျှော့ချပေးကြရမည်ပင်။

ကိုယ်ပိုင်ဆက်သွယ်ရေးဂြိုဟ်တု မရှိကြသူများသည် သူတစ်ပါးပိုင်ဂြိုဟ်တုကို ငှားရမ်းအသုံးပြုကြရမှာ ဖြစ်သည်။ ဆက်သွယ်ရေးဂြိုဟ်တုများစွာကို ထုတ်လုပ်ပေးနိုင်ပြီး ဖြစ်သော်လည်း ကုန်ကျစရိတ် ကြီးမားလွန်းလှသည်။ ဝင်ငွေ တစ်ပြားတစ်ချပ်မျှ မရမီ ဒေါ်လာ၅ဘီလီယံ ရင်းနှီးရမည် ဖြစ်သည်။

နောင်လာမည့်ငါးနှစ်အတွင်း၌ တယ်လီဖုန်း အရေအတွက်၏ သုံးပုံတစ်ပုံသည် ဆယ်လူလာဖုန်းများ ဖြစ်လာပေလိမ့်မည်။

စင်ကာပူသို့ရောက်သူ ကမ္ဘာလှည့်ခရီးသည်များ၊ လုပ်ငန်းရှင်များအနေဖြင့် ဆက်သွယ်ရေး အခက်အခဲ မရှိစေရန် ချန်ဂီလေဆိပ်တွင် ဆယ်လူလာဖုန်းများကို အခကြေးငွေဖြင့် ငှားရမ်းပေးနေသည်။

ပီကင်းမြို့တော်တွင် လွန်ခဲ့သောနှစ်အတွင်း၌ အိတ်ဆောင်တယ်လီဖုန်းအသုံးပြုသူ ၆သိန်း၃သောင်း ရှိရာ ယမန်နှစ်ကထက် ၃သိန်း တိုးလာကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့သည်။ တစ်နည်း လွန်ခဲ့သောနှစ်အတွင်း တစ်ရက်လျှင် ပျမ်းမျှလူ၁၀၀နှုန်း တိုးလာသည်ဟု ဆိုနိုင်သည်။

သီရိလင်္ကာနိုင်ငံ၌ လာမည့်ရာစုနှစ် အစပိုင်းတွင် လူ၁၀၀၌ တယ်လီဖုန်း ငါးလုံး ရရန် ရည်ရွယ်ထားသည်။ လောလောဆယ်၌ ၁၁၃သမ၄ရာနှုန်းသာ ရှိသည်။ အသုံးပြုနေဆဲလိုင်းပေါင်း ၂၇၀၅၀၀ ရှိသည်။ သက္ကရာဇ်၂၀၀၀ ရောက်သော် တယ်လီဖုန်းရရန် စောင့်ဆိုင်းနေသူ ၇သိန်း ရှိမည်ဟု နိုင်ငံပိုင်ကြေးနန်းဆက်သွယ်ရေးဌာနကခန့်မှန်းထားသည်။ အမေရိကန်ဒေါ်လာသန်း ၅၀၀ လိုအပ်မည် ဖြစ်သောတိုးချဲ့စီမံကိန်းကြီးကိုလည်း ဆောင်ရွက်နေ သည်။

ဂျာမနီနိုင်ငံ၌ သက္ကရာဇ်၂၀၀၀တွင် ဆယ်လူလာဖုန်းလုံးရေ ၁၀သန်း

ရှိလာမည်ဟု ခန့်မှန်းထားသည်။

ဂျပန်ပြည်၏ ဆယ်လူလာဖုန်း အသုံးပြုသူဦးရေ တိုးပွားလာပုံမှာ အံ့ဖွယ်သူရဲ ဖြစ်သည်။ ယမန်နှစ်၏ ၁၁၁သမဂ္ဂရာနှုန်း၊ နှစ်ဆတိုးပြီး ၁၉၉၇ခုနှစ်တွင် ၂၃ရာနှုန်း ဖြစ်လာသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ (ITU)ကုမ္ပဏီ၏အဆိုအရ တယ်လီဖုန်းအသုံးပြုသူ ၆၀ရာနှုန်းမှာ ဆယ်လူလာဖုန်းကို အသုံးပြုနေကြသည်ဟု သိရသည်။

အမေရိကန်ပြည်ထောင်စု၌ သုံးပုံနှစ်ပုံသည် စနစ်ဟောင်း ကြိုးသုံးတယ်လီဖုန်းများ ဖြစ်နေဆဲပင် ရှိသော်လည်း ၁၉၉၈ခုနှစ် အကုန်ခန့် ရောက်သော် အားလုံးဒစ်ဂျစ်တယ်သုံးဖုန်းများအဖြစ် ပြောင်းလဲသွားပါလိမ့်မည်။

ကမ္ဘာတစ်ဝန်းလုံး၌ အိတ်ဆောင်တယ်လီဖုန်း အသုံးပြုသူဦးရေမှာ တစ်စထက်တစ်စ များပြား၍ လာနေသည်။ ပေါ်စမှာ ဈေးကြီးမြင့်နေသေး၍ လူတိုင်း ကိုင်ဆောင်အသုံးမပြုနိုင်သေးသော ဆယ်လူလာဖုန်းများသည် မဝေးသောကာလ ရောက်သော် လူတိုင်းအတွက် မရှိမဖြစ် လိုအပ်သော ဆက်သွယ်ရေးကိရိယာတစ်ခုအဖြစ် ရောက်ရှိလာမည် ဖြစ်ပါသည်။ ။

ရေးသူ။ မြဟန်သိန်း

## ဝေါဟာရများ

| | | |
|---|---|---|
| ဆယ်လူလာဖုန်း | (န၊လိပ်)手机，蜂窝式移动电话 (cellular) | |
| လူကြုံ | (န) | 顺便的人 |
| ဒီဇယ်ဆီ | (န) | 柴油 |
| ဂါလန် | (န၊လိပ်) | （容量）加仑 |
| အကြောင်းကြား | (ကြိ) | 通知，传达 |
| တန်းလန်း | (ကြိဝိ) | （事情、说话）没有完结 |

| | | |
|---|---|---|
| ဂြိုဟ် | (န) | 行星 |
| ဟင်းစား | (န) | 鱼肉类等菜肴；盛菜的碗 |
| ပြန်ဆပ် | (ကြိ) | 偿还；退还，报答 |
| ဖမ်း | (ကြိ) | 收听；捉，捕 |
| အံ့မခန်း | (ကြိဝိ) | 惊奇地，惊人地 |
| ကြီးကျယ်မှု | (န) | 夸耀，吹嘘 |
| ပြယုဂ် | (န) | 例子，例证 |
| အော်မြည်သံ | (န) | 叫喊声，（电话）震铃声 |
| ဥမင်လိုဏ် | (န) | 隧道，地道，坑道，山洞 |
| အသံလှိုင်း | (န) | 声波 |
| ပင့်ကူအိမ် | (န) | 蜘蛛网；乱蓬蓬的东西；乱成一团的东西 |
| နားပင်း | (ကြိ) | 耳聋 |
| | (န) | 聋子 |
| တာရာ | (န) | 星座 |
| နားညည်း | (ကြိ) | 听得腻烦 |
| ချုံ့ | (ကြိ) | 紧缩，缩小 |
| ခြေကျင်ဆက်သား | (န) | 徒步联络员，通信员 |
| မြင်းစစ်သည်တော် | (န) | 骑兵 |
| သဝဏ်လွှာ | (န) | 书信，（贺、唁……）电 |
| ပါး | (ကြိ) | 捎，给 |
| ပူတာအို | (န) | 赫茨堡，葡萄（克钦邦） |
| ကော့သောင်း | (န) | 高当，高东（丹那沙林省） |
| တာချီလိတ် | (န) | 达其力（掸邦） |

| | | |
|---|---|---|
| မောင်တော | (န) | 孟都（若开邦） |
| ရွှေဘို | (န) | 瑞波，瑞保，瑞冒（实皆省） |
| ငပုတော | (န) | 额布多，额不都（伊洛瓦底省） |
| လျှော့ချ | (ကြိ) | （数量）减少；减轻，放宽 |
| အနာဂတ် | (န) | 未来，将来，前途 |
| စာတွဲ | (န) | 文件夹 |
| စာရင်းဇယား | (န) | 帐目，表格 |
| ရှားပါး | (နဝိ) | 稀少，少有，罕见，短缺 |
| ဂရပ်ပုံ | (န) | 座标图，图解 |
| ဖက်စ် | (န) | 传真 |
| အိတ်ဆောင် | (နဝိ) | 袖珍 |
| ကွန်ယက်စနစ် | (န) | 网络系统 |
| ပုံရိပ် | (န) | 映象，影象；图象 |
| ခြစ် | (ကြိ) | 划，刻；刮，擦 |
| အာရုံခံစား | (ကြိ) | 感觉，感受 |
| အေးအေးလူလူ | (ကြိဝိ) | 安安静静；无忧无虑，悠然地 |
| အာနိသင် | (န) | 利益，好处；性能，效力 |
| စိုးမိုး | (ကြိ) | 统治，统辖，占统治地位 |
| နွမ်းနယ် | (နဝိ) | 极其疲惫，憔悴；（衣服）脏旧，不挺 |
| ခလုတ်ခုံ | (န) | 接线器（电话等）；配电盘 |
| အော်ပရေတာ | (န၊လိပ်) | （电话）接线员，报务员 |

| | | |
|---|---|---|
| လုပ်ငန်းရှင် | (န) | 企业主 |
| မလွဲမသွေ | (ကြိဝိ) | 肯定，必然，必定 |
| ဖင်လန်နိုင်ငံ | (န) | 芬兰 |
| ကုမ္ပဏီ | (န၊လိပ်) | 公司 |
| လွှဲပြောင်း | (ကြိ) | 移交 |
| ထက်ဝက် | (န) | 一半 |
| | (ကြိဝိ) | 对半 |
| နီးပါး | (ပ) | 近乎，几乎 |
| အိုက်စလန်နိုင်ငံ | (န) | 冰岛 |
| နယူးဇီလန်နိုင်ငံ | (န) | 新西兰 |
| စင်ကာပူနိုင်ငံ | (န) | 新加坡 |
| ပျမ်းမျှ | (ကြိဝိ) | 平均，均分 |
| သီရိလင်္ကာနိုင်ငံ | (န) | 斯里兰卡 |
| ဂျာမနီနိုင်ငံ | (န) | 德国 |
| ကမ္ဘောဒီးယားနိုင်ငံ | (န) | 柬埔寨 |
| ဒစ်ဂျစ်တယ်သုံးဖုန်း | (န၊လိပ်) | 程控电话 (digital) |

## ရှင်းပြချက်

### 一、词组 ဇနီးဖြစ်သူ

ဇနီးဖြစ်သူ 是“做妻子的”的意思。“....ဖြစ်သူ”是“....的人”的意思。例如：

၁။ လင်ဖြစ်သူက မြို့သို့ စီးပွားရှာသည်။ ဇနီးဖြစ်သူကမူ အိမ်မှုကိစ္စများကို လုပ်ရလေသည်။

做丈夫的去城里谋生，做妻子的只好在家做家务。

၂။ ဆရာဖြစ်သူက တပည့်ကို လိမ္မာရေးခြားအောင် သွန်သင်သည့် တာဝန် ရှိသည်။

当师傅的有教导徒弟明事理的责任。

二、词组 နောင်နှစ်အနည်းငယ်အတွင်း၌

နောင်နှစ်အနည်းငယ်အတွင်း၌ 是“在以后的几年内”的意思。缅甸语中，在表示“几天”“几年”“几小时”等大于一而小于十的不定数目时，其方法之一是在“နှစ်”“ရက်”等后面加上 အနည်းငယ် 来表示。例如：

နှစ်အနည်းငယ်　　လအနည်းငယ်

ရက်အနည်းငယ်　　နာရီအနည်းငယ်

三、连词 နှင့်အညီ

နှင့်အညီ 放在名词、名词性词组后面，与 နှင့်အမျှ 同，含有“与……一致”的意思。例如：

ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးလာသည်နှင့်အညီ တစ်မြို့တစ်ရွာဆီခြားနေသူနှစ်ဦးဟိုမှသည်မှ အပြန်ပြန် အလှန်လှန် ဆက်သွယ်၍ စကားပြောဆိုနိုင်ကြသည်။

通讯技术发展后，居住在两地人可以相互通话联系。

## လေ့ကျင့်ခန်း

၁။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(၁) ဆက်သွယ်ရေး ဖွံ့ဖြိုးမှုသမိုင်းစဉ်ကို ဖော်ပြပါ။

(၂) ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီး၌ ဆက်သွယ်ရေးလုပ်ငန်း၏ လက်ရှိ



此为试读，需要完整PDF请访问：www.ertongbook.com